ASEAN PARLIAMENTARIANS FOR HUMAN RIGHTS

# ထိပ်သီးညီလာခံတွင် မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ ခိုင်မာသောလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရန်နှင့် NUG နှင့် တွေ့ဆုံဆွေးနွေးရန် အာဆီယံကို လွှတ်တော်အမတ်များက တောင်းဆိုသည်

ဂျာကာတာ - အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် ညှိနှိုင်းဆောင်ရွက်မှုများ ချက်ချင်းပြုလုပ်၍ ယခုအပတ် ကျင်းပမည့် အာဆီယံ ထိပ်သီးညီလာခံတွင် ခိုင်မာသော လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ကာ ဘေးဒုက္ခအတွင်း ကျရောက်နေသော မြန်မာနိုင်ငံအခြေအနေ ပြန်လည်ပြေလည်အောင် ဆောင်ရွက်ရန် အရှေ့တောင်အာရှ လွှတ်တော်အမတ်များက အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) ကို တောင်းဆိုသည်။

*"မြန်မာစစ်တပ်ဟာ အာဏာသိမ်းပြီး ပြည်သူတွေအပေါ် ပြောမပြနိုင်လောက်စရာ အကြမ်းဖက်မှုတွေနဲ့ ခြိမ်းခြောက် အုပ်စိုးမှုတွေ ကျူးလွန်ခဲ့ပြီး ပြည်သူသန်းပေါင်းများစွာရဲ့ ဘဝတွေကို ဖျက်ဆီးလာခဲ့တာ မကြာခင် တစ်နှစ်ပြည့်တော့မှာပါ"* ဟု *ASEAN Parliamentarians for Human Rights (APHR)* ၏ ဥက္ကဋ္ဌဖြစ်သူ မလေးရှားနိုင်ငံ လွှတ်တော်အမတ် ချားလ်စန်တီယေဂိုက ပြောသည်။ *"ဒီအပတ် ထိပ်သီးညီလာခံဟာ မြန်မာပြည်သူတွေအတွက် ခိုင်မာတဲ့ လုပ်ငန်းစဉ်တွေ ချမှတ်ဆောင်ရွက်ဖို့ အချိန်အခါ ဖြစ်မှရမှာပါ။ မြန်မာပြည်သူတွေဟာ ဒီလူသတ်စစ်အုပ်စုကို သူတို့လက်မခံဘူးဆိုတာ ဖေဖော်ဝါရီလ (၁) ရက်နေ့ကတည်းက နေ့စဉ်နေ့တိုင်း ကမ္ဘာကို ရဲရဲရင့်ရင့် ထုတ်ဖော်ပြသ ခဲ့ပါတယ်"*

ဧပြီလတွင် ချမှတ်ခဲ့သော အချက် (၅) ချက်ပါ သဘောတူညီမှုသည် တိုးတက်ဖြစ်ထွန်းမှု မရှိသောကြောင့် အာဆီယံအနေဖြင့် အာဏာသိမ်းစစ်ခေါင်းဆောင် မင်းအောင်လှိုင်အား ယခုအပတ်အတွင် ကျင်းပမည့် အာဆီယံ ထိပ်သီးညီလာခံ တက်ရောက်ခွင့်မပြုပဲ ချန်လှပ်ထားရန် ဆုံးဖြတ်ခဲ့သည့်အတွက် **APHR** အနေဖြင့် အားတက်ရသော်လည်း ထိုထက်ပို၍ တိုးမြှင့်ဆောင်ရွက်မှုများ ပြုလုပ်ရန် တောင်းဆိုသည်။

*"အာဆီယံဟာ မင်းအောင်လှိုင်ကို မဖိတ်ပဲချန်ထားပြီး သူတို့အပေါ် အလေးမထားလုပ်တာဟာ နောက်ဆက်တွဲ ဆိုးကျိုးတွေရှိကြောင်း ပြသနိုင်ခဲ့တာကြောင့် အဓိကကျတဲ့ ဆောင်ရွက်ချက်တစ်ခုကို ပြုလုပ်ခဲ့တယ်ဆိုတာ အသိအမှတ် ပြုပါတယ်။ မြန်မာနိုင်ငံ ဒီမိုကရေစီ လမ်းကြောင်းပေါ် ပြန်ရောက်နိုင်ဖို့ အမှန်တကယ် အကောင်အထည်ပေါ်လာအောင် အာဆီယံခေါင်းဆောင်တွေဟာ ဒီလိုတစ်ခါမှ မရဖူးတဲ့ အခွင့်အရေးကို အသုံးချပြီး ခုချိန်မှာ တုန့်ပြန်မှုတွေ ဆက်ပြီး တိုးမြှင့်လုပ်ဆောင် ရပါမယ်။ ပထမဆုံးနဲ့ အရေးအကြီးဆုံး လုပ်ရမှာကတော့ စစ်မှန်တဲ့ ရွေးကောက်ခံ **NUG** ကိုယ်စားလှယ်တွေနဲ့ တရားဝင် လူသိရှင်ကြား တွေ့ဆုံဆွေးနွေးဖို့ပဲ ဖြစ်ပါတယ်"* ဟု စန်တီယေဂို ကပြောသည်။

အာဆီယံ၏ သိက္ခာသည် မြန်မာပြည်သူများအပေါ် မြန်မာစစ်တပ်၏ ညှာတာမှုကင်းသော အကြမ်းဖက်မှုလုပ်ငန်းများကို ရပ်တန့်အောင် မည်မျှ ပြတ်ပြတ်သားသား ဆောင်ရွက်နိုင်စွမ်းရှိသည့်ပေါ် များစွာမူတည်နေကြောင်း **APHR** ကပြောသည်။ အထူးသဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံ ခေါင်းဆောင် (၉) ဦးနှင့် မင်းအောင်လှိုင်တို့ ဧပြီလတွင် သဘောတူချမှတ်ခဲ့သော အချက် (၅) ချက်ပါ သဘောတူညီမှုကို မြန်မာစစ်တပ်က လိုက်နာအောင် အာဆီယံက ဆောင်ရွက်ရမည်။

အကြမ်းဖက်မှုများ အဆုံးသတ်ခြင်း၊ နိုင်ငံရေးအကျဉ်းသားများအားလုံး လွတ်မြောက်ခြင်း၊ ခိုင်မာသော ဒီမိုကရေစီရရှိရေး

ASEAN PARLIAMENTARIANS FOR HUMAN RIGHTS

ပြည်သူများ၏ဆန္ဒပြည်ဝမှု မရှိမချင်း အာဆီယံသည် အခြားမည်သည့် စစ်အုပ်စုကိုယ်စားလှယ်ကိုမှ အာဆီယံတရားဝင် အစည်းအဝေးများသို့ ဖိတ်ကြားခြင်း ဆက်လက်မပြုလုပ်ရန် လိုအပ်သည်။

ဒုက္ခသည်များ၏ ရွှေ့ပြောင်းသွားလာမှုနှင့် ပတ်သက်၍ လူသားချင်းစာနာမှု အကူအညီများ ပေးအပ်ခြင်းနှင့် မြန်မာနိုင်ငံမှ ထွက်ပြေးလာသူများကို ခိုလှုံခွင့်ပြုခြင်း အပါအဝင် လူ့အခွင့်အရေးနှင့်အညီ တုန့်ပြန်ဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် အာဆီယံအနေဖြင့်သော်လည်းကောင်း အာဆီယံ၏မိတ်ဖက်များ အနေဖြင့်သော်လည်းကောင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အထူးသဖြင့် ထိုင်းနိုင်ငံကို ဝိုင်းဝန်းပံ့ပိုးကူညီရန် လိုအပ်ကြောင်း **APHR** ကပြောသည်။

*"ဒေသတွင်း တည်ငြိမ်မှုနဲ့ ငြိမ်းချမ်းမှုကို ခြိမ်းခြောက်နေရုံသာမက မြန်မာစစ်အုပ်စု ခေါင်းဆောင်တွေဟာ လူမျိုးတုန်း သတ်ဖြတ်မှုအပါအဝင် အဆိုးတကာ အဆိုးဆုံးသော ရာဇဝတ်မှုတွေ ကျူးလွန်နေကြောင်း စွပ်စွဲမှုတွေ ရှိနေတဲ့အချက်ကိုလဲ မျက်ခြေမပြတ်ဖို့ လိုပါတယ်။ မင်းအောင်လှိုင်နဲ့ ဆိုင်တဲ့နေရာ တစ်ခုပဲရှိပါတယ်။ အဲ့တာကတော့ ခုတစ်ကြိမ်လုပ်မဲ့ အာဆီယံ အစည်းအဝေးမဟုတ်ပါဘူး။ နိုင်ငံတကာ တရားရုံးပဲဖြစ်တယ်။"* ဟု စန်တီယေဂို ကပြောသည်။